# THE ARAKAN INTERNATIONAL

# နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

## နိုင်ငံတကာသတင်းအကျဉ်း (၂၀၁၇ ခုနှစ်၊ ဂျန်နဝါရီလ ၁ ရက်)












(၁) စမ်းသပ်ခြင်းမပြုရန် ပိတ်ပင်တားမြစ်ထားသည့်တာဝီးပစ်ဒုံးကျည် ထုတ်လုပ်မှုသည် နောက်ဆုံးအဆင့်တွင် ရောက်ဟိနီဗျာယ်ဖြစ်ကြောင်း ဖြင့်မြောက်ကိုးရီးယားဂေါင်းဆောင် ကိမ်ဂျုန်အင်မှသူ၏ နှစ်သစ်ကူးနူတ်ခွန်းဆက်စကားတွင် ပြောကြားလိုက်သည်။

၂၀၁၁ ခုနှစ်၊ သူ့ဖခင်ဆုံးပါးလားပြီးနောက်ပိုင်း နိုင်ငံဂေါင်းဆောင်နီရာကိုရယူလိုက်သည့် မစ္စတာကိမ်သည်မြောက်ကိုးရီယား၏ အနုမြူစွမ်းရည်ကို တိုးမြှင့်သည် ထက်တိုမြှင့်လာနီကြောင်းနှင့်ကမ္ဘာ့ကုလသမဂ္ဂ (UN) အနီဖြင့်ယင်း၏နျူကလီးယားနှင့်ဒုံးကျည်စမ်းသပ်မှုများအဆုံးသပ်ရန် ပြောဆိုထားရှိပေသည်။

(ဘန်ကောက်ပို့စ်)

(၂) တူရကီနိုင်ငံ အီစတမ်ဘူလ်မြို့တော်၏ ညဥ့်ကလပ်တစ်ခုတွင် အကြမ်းဖက်သမားအချို့ဝင်ရောက်တိုက်ခိုက်မှုကြောင့် အနည်းဆုံးလူ၃၅ဦး သီဆုံးပြီး၄၀ကျော်ဒဏ်ရာရဟိလားကတ်ကြောင်းဖြင့်နှစ်သစ်ကူးသတင်းတစ်ရပ်၌ ဖေါ်ပြထားသည်။

အီစတမ်ဘူလ်၏ ရိုင်နာ (Reina) ညဥ့်ကလပ်ထဲသို့ ဆန်တာဝတ်စုံဝတ်ဆင်ထားသူ သေနတ်သမားနှစ်ဦးဝင်ရောက်လာပြီး လူအုပ်ထဲသို့ ကျည်ဆံများဒလဟောပစ်သွင်းလိုက်ခြင်းဖြစ်ကြောင်းဖြင့် ဆိုသည်။

ယင်းလုပ်ရပ်များမှာ ကာ့ဒ်ေချ်အဖွဲ့(သို့မဟုတ်)အစ္စလမ်မိပြည်နယ်အဖွဲ့များ၏လက်ချက်ဖြစ်ကြောင်းဖြင့်စွပ်စွဲမှုများဟိနီပေသည်။

(ဘန်ကောက်ပို့စ်)

(၃) အဒမ်လာလာနာ၏ ဖြတ်ပီးလိုက်သည့် ဘောလုံးကို ဂျော်ဂီနီယိုဝီဂျနာဒမ်၏ စစောစစီးဂေါင်းတိုက်သွင်းယူလိုက်သည့် ဂိုးဖြင့် လီဗာဖူးလ်သည် မန်ချက်စတာစီးတီးအပေါ် တစ်ဂိုး–ဂိုးမဟိဖြင့် အနိုင်ရဟိလားသည်။

အေဂုအခါ ဖရီးမီးယားလိဂ်၏ ထိပ်ဆုံးနီရာ၌ ချယ်လ်ဆီးသည်၄၉မှတ်ဖြင့်လည်းကောင်း၊ လီဗာဖူးလ်အသင်းသည်၄၃မှတ်ဖြင့် ဒုတိယနီရာ၌လည်းကောင်း၊ မန်ချက်စတာစီးတီးသည်၃၉မှတ်ဖြင့် တတိယနီရာ၌လည်းကောင်း၊ အာဆိန်နယ်သည် ၃၇ မှတ်ဖြင့် စတုတ္ထနီရာများ၌ အသီးသီးဟိနီကတ်သည်။

(ဘန်ကောက်ပို့စ်)

(၄) ကစီကွင်ဘဏ်၏ သုတေသနပြုချက်တစ်ရပ်အရ ထိုင်းဘာ့တ်ငွီတန်ဖိုးသည် ပြီးခသည့်နှစ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ၃၄.၅၀ နှင့် ၃၆.၄၀ ဘာ့တ်နှုန်းထားများ၌ ရပ်တည်နီခရာ ယင်းမှာ ၀.၅ရာနှုန်းငွီမာအဖြစ်ရပ်တည်နီခခြင်းဖြစ်ကြောင်းဖြင့် စီးပွါးရေးသတင်းတစ်ရပ်၌ဖေါ်ပြထားဟိသည်။

၂၀၁၇ခုနှစ်၏ ပထမရက်သတ္တာ ပတ်ကာလအတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ထိုင်းဘာ့တ်ငွီ ၃၅.၇၀နှင့်၃၆.၁၀ကြားတွင် ရပ်တည်နီလိမ့်မည်ဖြစ်ကြောင်းဖြင့် အဆိုပါသုတေသနပြုချက်၌ ခန့်မှန်းဖေါ်ပြထားသည်။

(ဘန်ကောက်ပို့စ်)